Address : Building (12), MICT Park, University of Hlaing Campus, Hlaing Township, Yangon.
Call Center : 01 230 5494 ~ 01 230 5495
EMail : callcenter@fortunemm.com
Website : www.fortunebb.com
Facebook Page : www.facebook.com/fortunebb

# သဘောတူညီချက်များ နှင့် စည်းမျဉ်းစည်းကမ်းများ

1. Fortune Broadband မှ Fiber Cable ကြိုးသွယ်တန်းခြင်း နှင့် ဝန်ဆောင်မှု အထောက်အကူပြု စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ရုံးဖွင့်ရက် (၇) ရက်အတွင်း တပ်ဆင်ပေးမည်ဖြစ်ပါသည်။
2. Fortune Broadband မှ ၂၄ နာရီ၊ (၇) ရက်လုံး ပိတ်ရက်မရှိ Call Center ဝန်ဆောင်မှုပေးလျက်ရှိရာ ရယူထားသည့် ဝန်ဆောင်မှု နှင့် ပတ်သက်၍ အဆင်မပြေမှုများ၊ ပျက်စီးမှုများ၊ စုံစမ်းမေးမြန်းလိုသည်များ ရှိပါက ဖုန်းနံပါတ် ၀၁-၂၃၀၅၄၉၄ နှင့် ၀၁-၂၃၀၅၄၉၅ သို့ ဆက်သွယ်နိုင်ပါသည်။
3. Fortune Broadband မှ ဝယ်ယူထားသည့် Internet Package အပေါ်မူတည်၍ On Site Support (Service Call) ဝန်ဆောင်မှုများအတွက် ရုံးဖွင့်ရက် (၁) ရက်မှ (၂) ရက် အတွင်း ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ Complain Service Charges နှင့် ဝန်ဆောင်မှုအထောက်အကူပြု ပစ္စည်းစရိတ်များကို အောက်ဖော်ပြပါဇယားအတိုင်း ငွေကောက်ခံမည်ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ဈေးနှုန်း |
|---|---|---|
| ၁ | Splicing joining (1 point) | ၅,၀၀၀ /- |
| ၂ | Changing Rosset (1 Piece) | ၃,၀၀၀ /- |
| ၃ | Changing Patch cord (1 piece) | ၅,၀၀၀ /- |
| ၄ | Changing Pigtail (1 piece) | ၂,၀၀၀ /- |
| ၅ | Servicing Fiber drop cable (1meter) | ၁၅၀ /- |
| ၆ | Fiber drop cable required for relocation (1meter) | ၁၅၀ /- |
| ၇ | On Call Service (software or line error) | ၅,၀၀၀ /- |
| ၈ | Phone complain Service | အခမဲ့ |

4. **အနည်းဆုံးအသုံးပြုရမည့်ဝန်ဆောင်မှုကာလကို** အင်တာနက်စတင်အသုံးပြုသည့် နေ့ မှစ၍ (       ) လ အထိ သတ်မှတ်မည် ဖြစ်ပါသည်။ ထိုအနည်းဆုံး အသုံးပြုရမည့်ဝန်ဆောင်မှုကာလအထိ အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုပေးရမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုကို **ယာယီရပ်ဆိုင်းခြင်း (Deactivate)** (သို့တည်းမဟုတ်) **အပြီးဖြတ်တောက်ခြင်း (Termination)** အတွက် ပြုလုပ်လိုလျှင် ပြုလုပ်လိုသည့်ရက် မတိုင်မီ **(၃) ရက်** ကြိုတင်၍ Fortune Broadband ရုံးသို့ Form တင်ပြီး၊ အသုံးပြုထားသည့် လစဉ်ကြေးများ အားလုံးပေးဆောင်၍ ပြုလုပ်ရမည်ဖြစ်ပါသည်။

5. **ဝန်ဆောင်မှုယာယီရပ်ဆိုင်းခြင်းကို** အနည်းဆုံးအသုံးပြုရမည့်ဝန်ဆောင်မှုကာလအတွင်း ပြုလုပ်၍မရပါ။ ထိုအနည်းဆုံးအသုံးပြုရမည့် ဝန်ဆောင်မှုကာလအထိ အသုံးပြုပြီးမှ ပြုလုပ်ခွင့်ရမည်ဖြစ်ပါသည်။ အကယ်၍ အနည်းဆုံးအသုံးပြုရမည့် ဝန်ဆောင်မှုကာလအတွင်း ယာယီရပ်ဆိုင်းလိုပါက Fiber Cable ကြိုးသွယ်တန်းခြင်း နှင့် ဝန်ဆောင်မှု အထောက်အကူပြု စက်ပစ္စည်းများ၏ စားရိတ် **တစ်သိန်း (၁၀၀,၀၀၀) ကျပ်** ပေးသွင်း၍ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဝန်ဆောင်မှုပြန်လည်အသုံးပြုပါက ထိုငွေ တစ်သိန်း (၁၀၀,၀၀၀) ကျပ်ကို လစဉ်ကြေးအဖြစ်ခုနှိမ်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် ဝန်ဆောင်မှု ယာယီရပ်ဆိုင်းခြင်းကို စတင်ရပ်ဆိုင်းသည့် ရက်မှစ၍ (၃)လအထိ ခွင့်ပြုမည်ဖြစ်ပါသည်။ သို့သော် **(၃)လ** ထိတိုင်အောင် ဝန်ဆောင်မှုပြန်လည်အသုံးပြုခြင်း မရှိပါက ဝန်ဆောင်မှုအား လုံးဝရပ်ဆိုင်းပြီး၊ Fiber Cable ကြိုးသွယ်တန်းခြင်း နှင့် ဝန်ဆောင်မှု အထောက်အကူပြု စက်ပစ္စည်းများ၏ စရိတ် **တစ်သိန်း (၁၀၀,၀၀၀) ကျပ်** ပေးသွင်းထားခြင်းရှိပါက Fortune Broadband မှ နစ်နာကြေးအဖြစ် ကောက်ယူမည်ဖြစ်ပါသည်။
6. **ဝန်ဆောင်မှုအပြီးဖြတ်တောက်ခြင်းကို** အနည်းဆုံးအသုံးပြုရမည့် ဝန်ဆောင်မှုကာလအတွင်း မပြုလုပ်ရပါ။ ထိုကာလအထိ အသုံးပြုပြီးမှ ပြုလုပ်ခွင့်ရမည်ဖြစ်ပါသည်။ အကယ်၍ အနည်းဆုံးအသုံးပြုရမည့် ဝန်ဆောင်မှုကာလအတွင်း ပြုလုပ်လိုပါက Fiber Cable ကြိုးသွယ်တန်းခြင်း နှင့် ဝန်ဆောင်မှု အထောက်အကူပြု စက်ပစ္စည်းများ၏ စရိတ် **တစ်သိန်း (၁၀၀,၀၀၀) ကျပ်** ပေးသွင်း၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။
7. မြန်နှုန်းတိုးမြှင့်ခြင်း(Upgrade) နှင့် လျှော့ချခြင်း(Downgrade) အတွက် ပြုလုပ်ခြင်းအား ပြုလုပ်လိုသည့်ရက် မတိုင်မီ **(၃) ရက်** ကြိုတင်ပြီး Fortune Broadband ရုံးသို့ Form တင်၍ ပြုလုပ်ရမည်ဖြစ်ပါသည်။ အကယ်၍ မြန်နှုန်းလျှော့ချခြင်း(Downgrade)ကို ပြုလုပ်လိုလျှင် အင်တာနက်ဝန်ဆောင်မှုကို **(၆) လထပ်တိုး အသုံးပြု**ရမည်ဖြစ်ပြီး၊ **မြန်နှုန်းလျှော့ချခြင်းလုပ်ငန်း(Downgrade) ကို စတင် အသုံးပြုသည့် နေ့ မှစ၍ (၃)လ အတွင်းပြုလုပ်ပေးမည်မဟုတ်ပါ။**
8. လိုင်စာပြောင်းခြင်း(Relocation) လုပ်ငန်းကို ပြုလုပ်လိုပါက ပြုလုပ်လိုသည့်နေ့ရက်မရောက်ခင် ရုံးဖွင့်ရက် (၁၀)ရက်ကြိုတင်ပြီး Fortune Broadband ရုံးသို့ Form တင်၍ ပြုလုပ်ရမည်ဖြစ်ပါသည်။ **လိပ်စာပြောင်းရွှေ့ အသုံးပြုခြင်းကို စတင် အသုံးပြုသည့် နေ့မှစ၍ Contract ကာလအတွင်းခွင့်မပြုပါ။**

FORTUNE BROADBAND

Address : Building (12), MICT Park, University of Hlaing Campus, Hlaing Township, Yangon.
Call Center : 01 230 5494 ~ 01 230 5495
EMail : callcenter@fortunemm.com
Website : www.fortunebb.com
Facebook Page : www.facebook.com/fortunebb

9. CPE စက် နှင့် Adaptor **ဝယ်ယူ** အသုံးပြုသူကြောင့် CPE စက်နှင့် Adaptor ချို့ယွင်းပျက်စီးမှုဖြစ်လျှင် အောက်ဖော်ပြပါ ဈေးနှုန်းအတိုင်း ဝယ်ယူအသုံးပြု ရမည်ဖြစ်ပါသည်။ (အသုံးပြုသူကြောင့်ဆိုသည်မှာ- မီးအားအတက်အကျများ ကြောင့်လည်းကောင်း၊ ပြုတ်ကျပျက်စီး၍လည်းကောင်း၊ တိရစ္ဆာန်များကြောင့် လည်းကောင်း၊ ရေစို၍လည်းကောင်း၊ မီးလောင်၍လည်ကောင်း စသည့် အချက်များ ပါဝင်ပါသည်။)

| **စဉ်** | **အကြောင်းအရာ** | **ဈေးနှုန်း** |
|---|---|---|
| ၁ | Adapter only | ၁၀,၀၀၀ /- |
| ၂ | ONT without Adapter **(6 months Warranty)** | ၄၀,၀၀၀ /- |

10. Fortune Broadband မှ လစဉ်ကြေးပြေစာများကို SMS နှင့် Email တို့မှ ပေးပို့မည်ဖြစ်ပါသည်။ လစဉ်ကြေးများကို KBZ Bank, AYA Bank, CB Bank နှင့် AGD Bank များအားလုံးတွင် ပေးဆောင်နိုင်ပြီး၊ KBZ, AYA, CB တို့၏ Mobile Banking မှ လည်းပေးဆောင်နိုင်ပါသည်။ လစဉ်ကြေးများကို SMS နှင့် Email တို့မှ လစဉ်ကြေးပြေစာများ လက်ခံရရှိသည့် နေ့မှစ၍ ရက် (၁၀) အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အကယ်၍ ဝန်ဆောင်ခပေးဆောင်မှု ပျက်ကွက်ခဲ့ပါက အင်တာနက်ဝန်ဆောင်မှု ယာယီလိုင်းဖြတ်တောက် နိုင်ပါသည်။
11. လစဉ်ကြေးများ ကြွေးကျန်၍ ယာယီလိုင်းဖြတ်ခြင်းခံရပြီးနောက် (၃)လ ထိတိုင်အောင် လစဉ်ကြေးကြွေးကျန်များ ပေးဆောင်ခြင်းမရှိပါက ဝန်ဆောင်မှုအား လုံးဝရပ်ဆိုင်းပြီး၊ ဝန်ဆောင်မှုအတွက် လက်ကျန်လစဉ်ကြေးများ အားသတ်မှတ်ထားသော နောက်ကျကြေးနှင့်အတူ ဆက်လက်ပေးဆောင်သွားရပါမည်။ နောက်ကျကြေးမှာ ပျက်ကွက်သော လများအတွက် လစဉ်ကြေး၏ ငါးရာခိုင်နှုန်း(၅%) ဖြစ်ပါသည်။

မှတ်ချက် ။ ။ Housing, Condo/Tower, Shopping Mall အစရှိသည့်ဧရိယာများတွင် နေထိုင်သူများဖြစ်ပါက ထိုအဆောက်အဦးအတွင်းကြိုးဆွဲခွင့်ကို သက်ဆိုင်ရာအိမ်ရာကော်မတီများထံသို့ ဝန်ဆောင်မှုအသုံးပြုသူမှ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး၊ ကြိုးဆွဲတပ်ဆင်ရာတွင် ထပ်မံကုန်ကျမည့် ကုန်ကျစရိတ်ကို သုံးစွဲသူဘက်မှ ကျခံရမည် ဖြစ်ပါသည်။ နေအိမ်အတွင်းသို့ Fiber Cable ကြိုးဝင်ရောက်နိုင်ရန်အတွက် ကြိုးဝင်ပေါက်အား သုံးစွဲသူဘက်မှတာဝန်ယူ ဆောင်ရွက်ပေးရန် နှင့် Cable သွယ်တန်းရာတွင် Trunking, Ceiling နှင့် ပိုက်သွယ်တန်းခြင်း အား Company ဘက်မှ လုပ်ဆောင်ပေးမည်မဟုတ်ပါ။